# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

May 17, 2019 Volume 19, Number 12


**၁၇.၅.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၂၈၇ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၅၀၀၀၀/ ကျပ် |
| ဒေါ်လာဈေး | = ၁၅၂၆ ကျပ် |
| CBM Rate | = ၁၅၃၆.၇ ကျပ် |
| ယူရို တစ်ယူရို | = ၁၇၁၆.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၁၇.၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၆၃.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၅၆.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၂.၂၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၉၀၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၈.၆၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၇.၉၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၄၁၅ ကျပ် |

Source: CBM Rate, etrademyanmar.com

## မြန်မာ့ကော်ဖီကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် ပူးပေါင်းဆောင်ရွက်ကြရန် ဒုသမ္မတတိုက်တွန်း




မြန်မာ့ကော်ဖီကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ယခု Coffee Forum မှ ထွက်ပေါ်လာသည့် ရှေ့ဆက် ဆောင်ရွက်မည့် လုပ်ငန်းများကို ဝန်ကြီးဌာနများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ၊ မြန်မာကော်ဖီ အသင်းနှင့် အစုအဖွဲ့များမှ ကော်ဖီ လုပ်ငန်းရှင်များနှင့် ကော်ဖီစိုက်ပျိုးသူတောင်သူများ ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်ကြရန် တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ခေါင်းဆောင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက တိုက်တွန်း ပြောကြားသည်။

ယခုကျင်းပသည့် ဒုတိယအကြိမ် Coffee Forum ကိုမြန်မာ့ကော်ဖီကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် အဓိကရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်ပြီး ရည်ရွယ်ချက် အောင်မြင်နိုင်ရေးအတွက် ဦးစီးဦးဆောင်ပြုနိုင်သည့် Coffee Board အဖွဲ့ဖွဲ့စည်းရေး၊ ကော်ဖီအရည်အသွေး၊ ဈေးကွက်နှင့် ထိုက်သင့်သည့် ဈေးနှုန်းရရှိလာစေရေး၊ ကော်ဖီစိုက်ပျိုး ထုတ်လုပ်နေသူများအတွက် ချေးငွေနှင့် အရင်းအနှီးများ ရရှိနိုင်ရေးတို့ကို အဓိကထားပြီး ဌာနဆိုင်ရာနှင့် ပုဂ္ဂလိကတို့ ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း ဒုတိယသမ္မတက ဆိုသည်။

မြန်မာ့ကော်ဖီကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးရာတွင် နိုင်ငံတော် က ဖြည့်ဆည်းဆောင်ရွက်ပေးရန်နှင့် ဝန်ကြီးဌာနမှ ဖြည့်ဆည်းပေးရန် လိုအပ်ချက်များ၊ စိန်ခေါ်မှုများ၊ အနာဂတ်ကော်ဖီ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ဆောင်ရမည့် လုပ်ငန်းများ၊ လက်ရှိကော်ဖီဈေးကွက် အခြေအနေများ၊ ကော်ဖီစိုက်တောင်သူများ အတွက် ပံ့ပိုးပေးရန်လိုအပ်ချက်များအား ထည့်သွင်းဆွေးနွေးကြပြီး စီးပွားရေးပညာရှင်များ အနေဖြင့်လည်း တန်ဖိုးမြှင့်ထုတ်ကုန် (Coffee Value Added) အတွက်စီးပွားရေး ရှုထောင့်အမြင်များနှင့် အကြံပြုဆွေးနွေးကြစေလိုကြောင်း ၎င်းက ပြောသည်။ ယခု Coffee Forum နှင့်ပြီးခဲ့သည့် Coffee Forum အကြား (၂) နှစ်တာကာလအတွင်း ကော်ဖီကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့ကြရာ အောင်မြင်မှုများရှိကြောင်းကို ထုတ်လုပ်မှု တိုးတက် လာခြင်း၊ ဈေးကွက်တစ်ခုဖြစ်ထွန်းလာခြင်းနှင့် တောင်သူများ နည်းပညာကောင်းများ အသုံးချလာနိုင်ခြင်းတို့သည် မြင်သာသည့်အချက်များဖြစ်ကြောင်း ဒုတိယသမ္မတ ကဆိုသည်။

လက်ရှိ မြန်မာနိုင်ငံ၏ ကော်ဖီကဏ္ဍသည် ကော်ဖီစိုက်ပျိုးသည့် အရှေ့တောင်အာရှ နိုင်ငံများဖြစ်သည့် အင်ဒိုနီးရှား၊ ထိုင်း၊ ဗီယက်နမ်တို့နှင့်နှိုင်းယှဉ်ပါက Processing နည်းပညာအားနည်းခြင်း၊ သတင်းအချက်အလက်ဖလှယ်မှု လိုအပ်ချက်များရှိနေခြင်းနှင့် ကော်ဖီသီးနှံဈေးကွက် ဝေစုရရှိမှုများအားနည်းနေခြင်းတို့ကြောင့် ဖွံ့ဖြိုးမှုနောက်ကျ နေသေးသည်ကိုတွေ့ရှိရကြောင်း၊ မိမိတို့၏ ကော်ဖီကဏ္ဍတစ်ခုလုံး ရေရှည်ဖွံ့ဖြိုးတိုးတက်လာစေလိုပါက နိုင်ငံတော်အစိုးရ၏ မူဝါဒများဆိုင်ရာ ရပ်တည်ချက်များနှင့် ပုဂ္ဂလိကစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းပေါ်တွင် အတူတကွ လက်တွဲ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းသိရသည်။ **Source:**https://news.ydnp.net/269057/

## သစ်သီးဝလံထုတ်လုပ်မှုစွမ်းရည်မြှင့်တင်ရေးနှင့် တာဝန်ယူမှုရှိသော ခရီးသွားလုပ်ငန်းတို့အကြား ချိတ်ဆက်လုပ်ကိုင်မှု ဖွံ့ဖြိုးရေးစီမံကိန်း အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း



သစ်သီးဝလံ ထုတ်လုပ်မှုစွမ်းရည် မြှင့်တင်ရေးနှင့် တာဝန်ယူမှုရှိသော ခရီးသွားလုပ်ငန်းတို့အကြား ချိတ်ဆက်လုပ်ကိုင်မှု ဖွံ့ဖြိုးရေးစီမံကိန်းအလုပ်ရုံဆွေးနွေးပွဲ (Upgrading Horticulture Supply Capacity and Responsible Tourism to Develop Business Linkages) ကို ၂၀၁၉ ခုနှစ်၊ မေလ (၁၄) ရက်နေ့တွင် တောင်ကြီးမြို့ရှိ ဟိုတယ်ထိန်သာ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အခမ်းအနားတွင် ရှမ်းပြည်နယ် အစိုးရအဖွဲ့၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီး ဦးစိုးညွန့်လွင်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်နေဒ်မူတာကပေါ၊ UNOPS မှ Country Director, Mr. Andrew Kirkwood နှင့် Swiss Embassy မှ Deputy Head of Mission, Mr. Giacomo Solari တို့က အဖွင့်အမှာစကားပြောကြားခဲ့ကြသည်။ အခမ်းအနားသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ဆွစ်ဇာလန်နိုင်ငံအစိုးရနှင့် နည်းပညာအကူအညီပေးသော ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းများဖြစ်သည့် UNCTAD, UNIDO, ITC, ILO နှင့် UNOPS တို့မှကိုယ်စားလှယ်များ၊ အသင်းအဖွဲ့များ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့ အစည်းများနှင့် NGOs များမှ ကိုယ်စားလှယ်များ စုစုပေါင်း (၈၀) ဦးခန့် တက်ရောက်ခဲ့ကြသည်။

စီမံကိန်းကို ဆွစ်ဇာလန်နိုင်ငံအစိုးရ၏ ရန်ပုံငွေထောက်ပံ့မှုဖြင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းများ ဖြစ်သည့် UNCTAD, UNIDO, ITC, ILO, UNOPS တို့၏ နည်းပညာအကူအညီနှင့် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ အင်းလေးကန်ဒေသအနီးတစ်ဝိုက်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ စီမံကိန်းကာလသည် ၄ နှစ်ဖြစ်ပြီး စီမံကိန်းမှ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ အင်းလေးကန်ဒေသတွင် သစ်သီးဝလံ ပန်းမန်လ် စိုက်ပျိုးထုတ်လုပ်မှုစွမ်းဆောင်ရည်ကို မြှင့်တင်ရန်နှင့် ခရီးသွားလုပ်ငန်းအား ဖွံ့ဖြိုးတိုးတက်စေရန်၊ စီမံခန့်ခွဲမှု ပိုမိုကောင်းမွန်စေရန်နှင့် မြှင့်တင်ပေးရန်ရည်ရွယ်သည်။ စီမံကိန်း ဆောင်ရွက်ချက်များသည် အကျိုးခံစားခွင့်ရှိသည့် ဒေသခံရပ်ရွာလူထု၏ အသက်မွေးဝမ်းကျောင်းမှုကို မြှင့်တင်၍ ဝင်ငွေရရှိအောင်ဖန်တီးပေးခြင်းနှင့် အလုပ်အကိုင်ဖန်တီးပေးခြင်းဖြင့် ဆင်းရဲမှုကို လျော့ချ ပေးနိုင်ရန်ဖြစ်သည်။

ယခုကာလသည် စီမံကိန်း၏ Inception Phase ကာလဖြစ်ပြီး စီမံကိန်းအကောင်အထည်ဖော်မှု ပထမအဆင့်တွင် UNIDO, UNCTAD, ILO နှင့် ITC မှ Field Assessment မစ်ရှင်အဖွဲ့ ၂ ကြိမ် လာရောက်ပြီး သတင်းအချက်အလက်ကောက်ယူခြင်း၊ ဦးစားပေး ကုန်စည်များနှင့် ခရီးသွားလုပ်ငန်း ကဏ္ဍအတွက် Rapid Market Assessment နှင့် Market System Analysis တို့ကိုပြုစုခဲ့ပြီးဖြစ်သည်။ ထို့အတူ နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာနမှ ကျွမ်းကျင်ပညာရှင်များက အစားအသောက်ဘေးကင်းခြင်း ဆိုင်ရာကိစ္စရပ်များကို လေ့လာစစ်တမ်းပြုစုခဲ့ပြီးဖြစ်သည်။

အဆိုပါ လေ့လာတွေ့ရှိချက်များအရ ကနဦးအစီရင်ခံစာ (Inception Report) နှင့် နှစ်အလိုက် လုပ်ငန်း စီမံချက်တွေကိုလည်း ရေးဆွဲပြီးဖြစ်၍ အလုပ်ရုံဆွေးနွေးပွဲတွင် ကနဦးအစီရင်ခံစာမူကြမ်းအပေါ် ရှင်းလင်းဆွေးနွေးခြင်း၊ စီမံကိန်းမှ ဦးစားပေး ကူညီထောက်ပံ့ပေးမည့် နယ်ပယ်များအား ရှင်းလင်းတင်ပြ ခြင်းနှင့် နှစ်အလိုက် လုပ်ငန်းစီမံချက်နှင့် ဘတ်ဂျက်လျာထားမှုများကို ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကျွမ်းကျင်ပညာရှင်များက ရှင်းလင်းတင်ပြ ဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများက အကြံပြုပြန်လည်ဆွေးနွေး၍ ညှိနှိုင်းသဘောတူညီမှု ရယူခဲ့ပါသည်။ ဆွေးနွေးသဘောတူညီမှု ရရှိပြီးသည့် အပြီးသတ်အစီရင်ခံစာ၊ နှစ်အလိုက် လုပ်ငန်းအစီအစဉ်နှင့် ဘတ်ဂျက်လျာထားချက်များကို ဇွန်လအတွင်းတွင် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိ UN Cluster on Trade and Productive Capacity Project ၏ Global Management Board သို့ တင်ပြအတည်ပြုချက်ရယူသွားမည်ဖြစ်ပါသည်။

**Source: NES Unit**

## တရုတ်နိုင်ငံမှ လျှပ်စစ်ကို ဝယ်ယူမည်

တရုတ်နိုင်ငံမှ လျှပ်စစ်မဂ္ဂါဝပ် ၁,၀၀၀ ကို အမြန်ဆုံးဝယ်ယူသွားမည်ဟု လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးစိုးမြင့်က မြန်မာတိုင်း(မ်)ကို ပြောသည်။ ပြည်တွင်းလျှပ်စစ် လိုအပ်ချက်ဖြည့်ဆည်းရန်နှင့် ပြည်ပသို့ ပြန်လည်ရောင်းချနိုင်ရန်အတွက် ဝယ်ယူခြင်းဖြစ်သည်ဟု ၎င်းကဆိုသည်။ မဂ္ဂါဝပ် ၁၀၀၀ က ကျွန်တော်တို့ လိုအပ်ချက်



အတွက်လည်းဖြည့်မယ်။ ပြီးရင် ကျွန်တော်တို့ဆီကတစ်ဆင့် ကျန်တဲ့နိုင်ငံကို ရောင်းဖို့အတွက်လည်း စီမံမှာပေါ့။ မဂ္ဂါဝပ် ၁၀၀၀ စလုံး ကျွန်တော်တို့သုံးလို့ မရနိုင်ဘူးဟု ၎င်းက ပြောသည်။

လျှပ်စစ်ဓာတ်အား ဝယ်ယူရာတွင် စီးပွားရေးတွက်ခြေကိုက်မှုရှိ၊ မရှိနှင့် အကျိုးအမြတ် ရှိမရှိတို့ကိုအခြေခံ၍ အဓိကထား စဉ်းစား ဆောင်ရွက်နေပြီး လက်ရှိတွင် လျှပ်စစ်လိုအပ်နေသည့်အတွက် အမြန်ဆုံး စီမံပေးရမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက နိုင်ငံအတွင်း လျှပ်စစ်ဓာတ်အား လုံလောက်စွာဖြည့်တင်းနိုင်ရေးအတွက် လာအိုနိုင်ငံမှ လျှပ်စစ်ဓာတ်အား ဝယ်ယူနိုင်ရေး နားလည်မှုစာချွန်လွှာကို နှစ်နိုင်ငံအကြား ၂၀၁၈ ခုနှစ် နှစ်ဆန်းပိုင်းက လက်မှတ် ရေးထိုးထားသည်။ ၂၀၁၇ ခုနှစ်ကလည်း တူရကီက လျှပ်စစ်ဓာတ်အားပေးသင်္ဘောဖြင့် ရန်ကုန်ကို လျှပ်စစ်ဓာတ်အားပေးရန် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် တူရကီကုမ္ပဏီတို့အကြား ဆွေးနွေးမှုများရှိခဲ့သည်။ သို့သော် ယခုအချိန်ထိ ဓာတ်အားဝယ်ယူမှု တစ်စုံတစ်ရာထွက်မလာသေးပေ။ ပြည်သူလက်ခံနိုင်တဲ့ ဈေးနှုန်းဖြစ်အောင် စီစဉ်ပေးရတယ်။ ဝယ်ချင်တိုင်းဝယ်လို့မရဘူး။ နိုင်ငံတော်က ဘယ်လောက်အရှုံးခံစိုက်ထုတ်နေတယ်ဆိုတာ ချပြထားပြီးဖြစ်တယ်။ အဲဒီတော့ မျှတသင့်တင့်တဲ့ဈေးနှုန်းနဲ့ ရောင်းမယ့်သူကိုဝယ်မှာဟု ဦးစိုးမြင့်ကပြောသည်။

ရေအားလျှပ်စစ်စီမံကိန်းများ လျာထားခြင်းရှိသော်လည်း အချိန်တိုတွင်း မပြီးစီးနိုင်သည့်အတွက် လက်ရှိကာလတွင် နိုင်ငံတော်က လျှပ်စစ်မဂ္ဂါဝပ် ၆၀၀ ခန့် လိုအပ်နေပြီး လာမည့်နှစ်တွင် မဂ္ဂါဝပ် ၁၅၀၀ ခန့် လိုအပ်လာမည်ဟု ဝန်ကြီးဌာနက ခန့်မှန်းထားသည်။ ယင်းလိုအပ်ချက်ကို ရေတိုကာလအတွင်းရရှိနိုင်သည့် power plant များ စီမံနေပြီး လက်ရှိတွင် မည်သည့်စီမံကိန်းများဖြင့် စီမံနေသည်ကို ချပြ၍ မရသေးကြောင်း ဦးစိုးမြင့်ကပြောသည်။ လျှပ်စစ်သည် အမြဲလိုအပ်နေပြီး နိုင်ငံအတွင်း လုပ်မည့် စီမံကိန်းများသည်လည်း ရှေ့ဆက်လုပ်ဆောင်ရန် ဝန်ကြီးဌာနကအမျိုးမျိုးသော စိန်ခေါ်မှုများ ကြုံနေရကြောင်း၊ ထုတ်လုပ်ထားပြီးဖြစ်သော လျှပ်စစ်ကိုသယ်ယူပို့ဆောင်ရန်အတွက်ကိုပင် မြေယာကန့်ကွက်ချက်များကြောင့် မသွယ်တန်းနိုင်သည်များရှိသည်ဟု၎င်းကပြောသည်။ ရေအားလျှပ်စစ်ထုတ်မယ်ဆိုလည်း ပတ်ဝန်းကျင်ထိခိုက်မှုတွေရှိတယ်ဆိုပြီး ကန့်ကွက်တာတွေရှိတယ်။ ကျောက်မီးသွေးဆိုလည်း ကန့်ကွက်တာတွေရှိတော့ ကျွန်တော်တို့က ပြည်သူကိုဗဟိုပြုတဲ့အစိုးရဖြစ်တဲ့အတွက် ပြည်သူရဲ့လိုလားချက်ကိုအခြေခံပေးမှာဟု ၎င်းကပြောသည်။

**Source:** https://myanmar.mmtimes.com/news/123172.html

## စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်တွင် နေကြာအထွက်တိုးဈေးကောင်းရ၍ အဆင်ပြေကြ



စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်တွင် ဆီထွက်နေကြာစိုက်ပျိုးသူများနှင့် အစေ့စားနေကြာစိုက်ပျိုးသူများ အထွက်တိုးဈေးကောင်းရ၍ အဆင်ပြေကြကြောင်း ဒေသခံများထံမှသိရသည်။ ယာခင်းများသည် ခြံလွတ် ကျွဲ၊ နွားများ ထိန်းကျောင်းစနစ်ကျင့်သုံးမှုများကြောင့် စပါး တစ်မျိုးပဲ စိုက်ပျိုးခဲ့ရာမှ သီးထပ်သီးညှပ် ဈေးကွက် စီးပွား အလုပ်အကိုင် အခွင့်အလမ်းလိုအပ်မှုအရ လယ်လုပ်ငန်း သိမ်းဆည်းပြီးချိန် ဆီထွက်နေကြာများ ကွင်းလုံးပြည့်စိုက်ပျိုးခြင်း ပြောင်းလဲလုပ်ကိုင်ကာ ရေလိုအပ်ချိန်တွင် မဲဇာမြစ်ချောင်းရေကို သွင်းထုတ်ပြုလုပ်၍ စိုက်ပျိုးကြရာ နေကြာများအထွက်တိုးပြီး ဈေးကောင်းရရှိ၍ အဆင်ပြေကြကြောင်း အင်းတော်မြို့နယ် ဗုဒလက်ကျေးရွာ ဒေသခံတစ်ဦးကပြောဆိုသည်။

ထို့နောက် လယ်မြေတွင် သီးထပ်သီးညှပ်အနေဖြင့် ဆီထွက်နေကြာစိုက်လျှင် ဝါခုတ်ခြံလုပ်ရ၊ ကျွဲနွားစောင့်ရ၊ ခြံမကောင်းလျှင် နွားများဝင်စား၍ နေကြာများအသီးရင့်အောင်ထားမရဘဲ ကျွဲ၊ နွားများနှင့် လုသိမ်းရပြီး ယခုလို ထိမ်းကျောင်းစနစ်ကြောင့် အားလုံးအဆင်ပြေကာ တောင်သူများ ဒီစနစ်ကောင်းမှန်းနားလည်သွားပြီး နေကြာစိုက်ပျိုးသူတိုင်းအဆင်ပြေကြကာ ဆီစားနေကြာများကို တစ်တင်း ကျပ် ၁၆၀၀၀ ဖြင့် ဈေးကောင်းရနေကြောင်း နေကြာစိုက်ပျိုးတောင်သူများထံမှသိရသည်။

ထို့ပြင် အင်းတော်မြို့နယ်တွင် နေကြာကို မဲဇာမြစ်ချောင်းရိုးရှိ ကိုင်းတောနုန်းတင်ရေကျနေရာ၌ တန်ဆောင်မုန်းလဆန်းပိုင်းမှစ၍စိုက်ပြီး အစေ့စားနေကြာကို တပေါင်းလမှ ရက်ပေါင်း ၉၀ အတွင်း ပြန်သိမ်းဆည်းခြင်းနှင့် အဆီစား

နေကြာကို လယ်မြေကွက်များတွင် ပြာသိုလကုန်ပိုင်းမှ စတင်စိုက်ပျိုးကြပြီး ကဆုန်လဆန်းကျော်၌ ပြန်သိမ်းခြင်းပြုလုပ်ကြလျက်ရှိရာ အစေ့စားနေကြာကို ပိုမိုစိုက် ပျိုးခြင်းဖြင့် အထွက်တိုးနှုန်းကောင်းပြီး ဈေး ကောင်းပိုမို ရှိမည်ဖြစ်ကြောင်း၊ အင်းတော်မြို့နယ်မှ ယခုနှစ်နေကြာစိုက်ဧက ၁၁၄၃၉ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးညွန့်ဝင်းထံမှသိရသည်။

**Source:** https://myanmar.mmtimes.com/news/123203.html

## ဟံသာဝတီလေဆိပ်ကို ဂျပန်အကူအညီဖြင့် ဆက်ဆောက်မည်



ဟံသာဝတီ အပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်ရေး ဂျပန်နိုင်ငံ၏ အကူအညီဖြင့် ဆက်လက်ဆောင်ရွက်ရန် ကြိုးပမ်း နေကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဝင်းခန့်က ပြောသည်။ ဟံသာဝတီအပြည်ပြည်ဆိုင်ရာ လေဆိပ်ကလည်း မရှိမဖြစ်လိုအပ်တဲ့ လေယာဉ်ကွင်းဖြစ်တဲ့အတွက် ဂျပန်နိုင်ငံအကူအညီနဲ့ ဆက်လက်ဆောင်ရွက်နိုင်ဖို့အတွက် အပြင်းအထန်ကြိုးပမ်းပြီးတော့ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်ဟု ၎င်းက ပြောသည်။

နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာနတွင် မေ ၁၃ ရက်က ကျင်းပသော အစိုးရ၏ တတိယနှစ်အတွင်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲတွင် ၎င်းက ပြောကြားခဲ့ခြင်းဖြစ်သည်။ အဆိုပါဝန်ကြီးဌာနသည် ဟံသာဝတီလေဆိပ်ကို ဂျပန်ချေးငွေဖြင့် ဆက်လက် အကောင်အထည်ဖော်ရန် ကြိုးပမ်းနေခြင်းဖြစ်ပြီး ဂျပန်နိုင်ငံ မြေယာအခြေခံအဆောက်အအုံ၊ ခရီးသွားလာရေးနှင့် သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းနေခြင်းဖြစ်ကြောင်း လက်ထောက်အမြဲတမ်းအတွင်းဝန် ဦးအောင်ရဲထွန်းက ပြောသည်။ ဒီလေဆိပ်ကြီးက အနာဂတ်မှာဖြစ်လာမယ့် လေယာဉ်ဝင်ထွက်မှုကို နိုင်နင်းစွာ ကိုင်တွယ်နိုင်ဖို့ပေါ့။ အဲဒီအတွက် လောလောဆယ်တော့ ညှိနှိုင်းမှုပဲရှိပါသေးတယ်ဟု ၎င်းက ပြောသည်။ဟံသာဝတီအပြည်ပြည်ဆိုင်ရာ လေဆိပ်တည်ဆောက် ရေးစီမံကိန်းကို အစိုးရ၊ ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်သည့် PPP စနစ်ဖြင့် ဆောင်ရွက်ရန် ၂၀၁၂ ခုနှစ်ကတည်းက တင်ဒါခေါ်ယူခဲ့ခြင်း ဖြစ်သည်။ တင်ဒါခေါ်ယူခဲ့ပြီး နောက်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်မှုအဖြစ် ဂျပန်၊ စင်ကာပူကုမ္ပဏီများ ပူးပေါင်းထားသော JGC-Yangnam- Changi Airport International Consortium က မူဘောင်သဘောတူညီချက် ထိုးနိုင်ခဲ့သော်လည်း ကုမ္ပဏီဘက်က ဆက်လက်ဆောင်ရွက်ခြင်းမရှိသကဲ့သို့ သဘောတူညီချက်ကို သက်တမ်းမတိုးခဲ့သည့်အတွက် ပြီးခဲ့သည့် ဇန်နဝါရီတွင် သက်တမ်းကုန်သွားခဲ့သည်။

ဒါကြောင့် ဒီဟံသာဝတီလေဆိပ်က ကျွန်တော်တို့ နိုင်ငံရဲ့ လေကြောင်းခရီးသွားလာမှုမှာ Major Gate Way တစ်ခုအဖြစ်ဆောက်ကို ဆောက်ဖို့လိုတယ်ဟု ဦးအောင်ရဲထွန်းက ပြောသည်။အဓိကအားဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တစ်ခုတည်းသာရှိနေလျှင် အနာဂတ်တွင် လေယာဉ်အဝင်အထွက်နှင့်ပတ်သက်ပြီး နိုင်နင်းစွာ မဆောင်ရွက်နိုင် မည်ကို စိုးရိမ်သောကြောင့် ကြိုတင်ပြင်ဆင်နေခြင်းဖြစ်သည်။ သို့သော်လည်း တင်ဒါပြန်ခေါ်မည် သို့မဟုတ် အစိုးရ ကိုယ်တိုင်ဆောင်ရွက်မည် ဆိုသည်ကိုမူ လောလောဆယ် မဆုံးဖြတ်ရသေးပေ။

လောလောဆယ်တော့ ဂျပန်နိုင်ငံရဲ့ ချေးငွေနဲ့ ကျွန်တော်တို့ဆောင်ရွက်မှာပေါ့။ အဲဒီတော့ feasible study လုပ်မယ်။ အဖြေရပြီဆိုရင် ကျွန်တော်တို့ပြောပါမယ်ဟု ဦးအောင်ရဲထွန်းကပြောသည်။ လက်ရှိတွင် ပထမဆုံး PPP ဆောင်ရွက်မှုအဖြစ် ဟဲဟိုး၊ မော်လမြိုင်နှင့် ကော့သောင်းလေဆိပ်များကို အကောင်အထည်ဖော်ရန် တင်ဒါခေါ်ယူထားပြီး စာချုပ်ချုပ်ဆိုရန် ညှိနှိုင်းသည့်အဆင့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း အမြဲတမ်းအတွင်းဝန်ကပြောသည်။ ထို့ပြင် မူဆယ်လေဆိပ်ဖွံ့ဖြိုးရေးစီမံကိန်းအတွက်လည်း တင်ဒါခေါ်ယူ ထားရာ ကုမ္ပဏီခြောက်ခုကို ပဏာမရွေးချယ်ထားပြီး ဖြစ်သည်ဟုဆိုသည်။ မြန်မာနိုင်ငံတွင် အပြည်ပြည်ဆိုင်ရာ လေဆိပ်များ အဖြစ် ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်လေဆိပ်သုံးခု ရှိနေပြီး ခရီးသည်ဝင်ရောက်မှုသည်လည်း တိုးတက်လျက်ရှိကြောင်း၊ ၂၀၁၆ ခုနှစ်က ခရီးသည် ၉ ဒသမ၂၆ သန်းသာ ဝင်ရောက်ခဲ့သော်လည်း ၂၀၁၈ ခုနှစ်တွင်မူ ဆယ်သန်းနီးပါးဝင်ရောက်လာကြောင်း အမြဲတမ်းအတွင်းဝန်ကပြောသည်။

**Source:** https://myanmar.mmtimes.com/news/123209.html

## ရော်ဘာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်းမြှင့်တင်ရေးနှင့် ဈေးကွက်ချိတ်ဆက်နိုင်ရေး လုပ်ငန်းစီမံကိန်းဆောင်ရွက်မည်



ကရင်ပြည်နယ်အတွင်း ရော်ဘာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်းမြှင့်တင်ရေးနှင့် ဈေးကွက်ချိတ်ဆက်နိုင်ရေး လုပ်ငန်း စီမံကိန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်နယ် စိုက်ပျိုးရေး ဦးစီးဌာနမှ သတင်းရရှိသည်။ ကရင်ပြည်နယ်၏ ရော်ဘာ စိုက်ဧက သည် မြန်မာတစ်နိုင်ငံလုံးတွင် တတိယအများဆုံးဖြစ်ပြီး အထွက်နှုန်း နှင့် အစေးလှီးဧကသည် ဒုတိယအများဆုံးဖြစ်ကြောင်း ကရင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးသန်းထိုက်က ပြောသည်။ ရော်ဘာနဲ့ပတ်သက်လို့ အလားလာကောင်းတွေရှိတယ်ဆိုပေမယ့် အရည်အသွေးပိုင်းမှာတော့ အားနည်းတာတွေ ရှိတယ်။ အဆင့်မြင့်ရော်ဘာပြား ထုတ်လုပ်နိုင်မယ်ဆိုရင် စီးပွားဖြစ်လာမှာဆိုတော့ စီမံကိန်းကနေ ဒီကဏ္ဍ တိုးတက်ဖို့မျှော်လင့်ပါတယ်ဟု ၎င်းကပြောသည်။

ထိုစီမံကိန်းကို စိုက်ပျိုးရေးဦးစီးဌာန၊ CARE Myanmar နှင့် ကရင်ပြည်နယ် ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများ အသင်းတို့ ပူးပေါင်းဆောင်ရွက်မည် ဖြစ်သလို သင်တန်းများပေးခြင်း၊ နည်းပညာရရှိသုံးစွဲခြင်း၊ တန်ဖိုးမြှင့်ထုတ်လုပ်မှု ပံ့ပိုးပေးခြင်းစသည်တို့ ပါဝင်လာမည်ဖြစ်သည်။ စိုက်ပျိုးရေးဦးစီးဌာနမှ ရော်ဘာအရည်အသွေးအပေါ်မူတည်ပြီး ဈေးကွက်ရရှိရေးနှင့် ထိုက်သင့်သည့် ဈေးနှုန်းရရှိရေးအတွက် အပြည်ပြည်ဆိုင်ရာ ရော်ဘာသုတေသနနှင့် နည်းပညာ ဖွံ့ဖြိုးရေးဘုတ်အဖွဲ့ (IRRDB) သို့ ဝင်ရောက်နိုင်မည်ဆိုပါက မျိုးပိုင်းဆိုင်ရာ၊ နည်းပညာပိုင်းဆိုင်ရာ သတင်းအချက် အလက်များ ရရှိနိုင်ရန်အတွက် အသင်းဝင်ဖြစ်လာရေးကြိုးပမ်းလျက်ရှိသည်။

လက်ရှိကရင်ပြည်နယ်တွင် ရော်ဘာစိုက်ဧက ၂၇၀,၀၀၀ နီးပါးရှိပြီး၊ ယင်းအထဲမှ သံတောင်ကြီးမြို့နယ်တွင် ရော်ဘာ စိုက်ဧက ၇,၄၇၇ဧက၊ အစေးလှီးဧက (၅,၂၅၅) ဧကနှင့် တစ်ဧကလျှင် ပျမ်းမျှ (၃၇,၄၈၃) ပေါင်ခန့် အထွက်နှုန်း ရှိကြောင်း သိရသည်။ ကရင်ပြည်နယ် ရော်ဘာ စိုက်ပျိုးထွက်ရှိမှု၏ ၈၀ ရာခိုင်နှုန်းခန့်ကို တရုတ်နိုင်ငံသို့ တင်ပို့နေပြီး ထိုင်း၊ မလေးရှားနှင့် ဂျပန်နိုင်ငံများသို့လည်း တင်ပို့သလို၊ ပြည်တွင်းရှိ တာယာစက်ရုံများမှလည်း ဝယ်ယူ ကြကြောင်း သိရသည်။

**Source:** http://www.amiamyanmar.com/detail.aspx?id=8031

## ဝယ်လိုအားများလာတာကြောင့် ဒေါ်လာဈေးတက်နေ




ဒေါ်လာဈေးတက်နေတာဟာ ဝယ်လိုအားများလာတာကြောင့် ဖြစ်ပြီး အရောင်းအားကတော့ အေးနေတယ်လို့လည်း သိရပါတယ်။ ငွေကြေးဆိုင်ရာပညာစီးပွားရေးပညာရှင် ဦးသိန်းဌေးက ကျနေရာ ကနေ အခုတက်လာတယ်ဆိုတာ အဝယ်များလာလို့ပေါ့။ အဝယ်များ လာရင်တက်နေမှာပဲ။အဓိကကတော့ အဲ့ဒါပါပဲ။ အများစု က ၁၅၀၀၊ ၁၅၁၃ ကျပ် ကြားထဲမှာငြိမ်နေတော့ ဝယ်ထားကြတာပေါ့။ ဝယ်လိုအားက ပိုများလာရင် ဈေးတက်လာ လူတွေကတော့ ပိုရောင်းပါပဲ။ အကြမ်းပြင်းပြောရရင် ဈေးကစားတဲ့ သဘောပါပဲ။ အရောင်းအဝယ်ကတော့အေးနေတာပဲလို့ပြောပါတယ်။

ယခင်က အမေရိကန်နဲ့ တရုတ်ပြသနာကြောင့် ဒေါ်လာဈေးမြင့်တက်ခဲ့ပြီး ပြန်လည်ကျဆင်းသွားကာ အခု ပြန်တက် နေတာဟာ ဝယ်လိုအားပိုများလာခြင်းကြောင့်ဖြစ်တယ်လို့လည်းသိရပါတယ်။ သည်ရက်ပိုင်းအတွင်းမှာတော့ ဒေါ်လာ ဈေးဟာ ၁၅၂၅ ကျော်ကနေ ၁၅၃၄အထိ မြင့်တက်လာခဲ့တာဖြစ်ပြီး ကမ္ဘာ့ရွှေဈေးတွေလည်းတက်နေတာ ဖြစ်ပါတယ်။ ဒေါ်လာနဲ့ကမ္ဘာ့ရွှေဈေးတက်တာကြောင့်ပြည်တွင်းရွှေဈေးလဲတက်လာပါတယ်။ သွင်းကုန်တစ်ချို့ကတော့ လတ်တလော မှာတက်လာခြင်းမရှိသေးပေမယ့် ဓာတ်ဆီဈေးတွေကတော့ဆက်လက်မြင့်တက်နေဆဲဖြစ်ပါတယ်။

**Source:** https://www.kumudranews.com/news-33490

## ပို့ကုန်တင်ပို့ခြင်းအပေါ် ကြိုတင်ဝင်ငွေခွန် နှစ်ရာခိုင်နှုန်း သက်သာခွင့်ပေးထားခြင်းကိုပယ်ဖျက်ခဲ့ပြီး ယခုလမှစ၍ ပြန်လည်ကောက်ခံမည်



ပို့ကုန်တင်ပို့မှုအပေါ် ကြိုတင်ဝင်ငွေခွန် နှစ်ရာခိုင်နှုန်း သက်သာခွင့်ပေးထားခြင်းကို ပယ်ဖျက်လိုက်ကြောင်းနှင့် ယခုလမှစတင်၍ ပို့ကုန်တင်ပို့မှုအပေါ် ကြိုတင်ဝင်ငွေခွန် နှစ်ရာခိုင်နှုန်း ပြန်လည် ကောက်ခံသွားမည်ဖြစ်ကြောင်း ပြည်တွင်း အခွန်များ ဦးစီးဌာနမှ မေ ၁၄ ရက်က ထုတ်ပြန် လိုက်သည်။

အခွန်ထမ်းကိုယ်တိုင် အခွန်စည်းကြပ်သည့် စနစ်ကျင့်သုံးသည့် အခွန်ရုံးများဖြစ်သော အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးနှင့် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး (၁) တို့ရှိ အခွန်ထမ်းများ၏ ပို့ကုန်တင်ပို့သည့် ကုန်စည်များအပေါ် ကြိုတင်ခွန်ကောက်ခံခြင်းအား စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန၏ ၂၂.၁.၂၀၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၁၈၊ အပိုဒ် ၃ (ဈ)အရ ကင်းလွတ်ခွင့်ပေးခဲ့ပြီး ယခုအခါ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၏ အမိန့်ကြော်ငြာစာအမှတ် ၃၈/ ၂၀၁၉ ဖြင့် မေ ၁ ရက်မှစ၍ ပို့ကုန်တင်ပို့မှုအပေါ် ကြိုတင်ဝင်ငွေခွန်နှစ်ရာခိုင်နှုန်း ပြန်လည် ကောက်ခံသွားမည်ဖြစ်သည်။

သို့ဖြစ်ရာ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး (၁) ၏ ပို့ကုန်တင်ပို့မှု လုပ်ငန်းဆောင်ရွက်သည့် အခွန်ထမ်းများသည် မိမိတင်ပို့သည့်ပို့ကုန်အား ကျပ်ငွေဖြင့်တင်ပို့ခြင်းဖြစ်ပါက တင်ပို့သည့်ကုန်စည်တန်ဖိုး၏ ဝင်ငွေခွန် နှစ်ရာခိုင်နှုန်းကိုလည်းကောင်း၊ နိုင်ငံခြားငွေဖြင့်တင်ပို့ခြင်းဖြစ်ပါက Export Declaration (ED)Form တွင် ကုန်စည်တန်ဖိုးနှင့်အတူ ဖော်ပြထားသည့် ဝင်ငွေခွန်ကြို တင်ပမာဏကို ပူးတွဲချလံဖြင့် ကုမ္ပဏီအမည်၊ နေရပ်လိပ်စာ၊ ပေးဆောင်သည့်ပမာဏတို့အား ပြည့်စုံစွာဖြည့်စွက်၍ မြန်မာ့စီးပွားရေးဘဏ်ခွဲ (၃) ငွေစာရင်းအမှတ် MD – 010118 သို့ ပေးဆောင်ရမည်ဟုသိရသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ကင်းလွတ်ခွင့်ရယူထားသော ကုမ္ပဏီများ၏ ပို့ကုန်များအတွက် ကင်းလွတ်ခွင့်နှင့်စပ်လျဉ်း၍ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၁) အခွန်ထမ်းလိုက်နာမှု စိစစ်ရေးဌာနစုသို့ လာရောက်လျှောက်ထားရမည်ဖြစ်ကြောင်း၊ ထပ်မံသိရှိလိုသည်များရှိပါက အလယ်အလတ် အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၁) အမှတ် (၅၉ / ၆၁) ပန်းဆိုးတန်းလမ်း ကျောက်တံတားမြို့နယ် မြေညီထပ်သို့လည်းကောင်း အခွန်ထမ်းရေးရာ ဌာနစုသို့လည်းကောင်း ဖုန်းဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေရုံးချိန်အတွင်း မေးမြန်းနိုင်သည်။ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာနသည် ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၆–ခ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်တွင်းမှ ပြည်ပသို့ ဖြစ်စေ၊ ပြည်ပမှပြည်တွင်းသို့ဖြစ်စေ ကုန်စည်များတင်ပို့ခြင်း သို့မဟုတ် တင်သွင်းခြင်းပြုသည့်အခါ ယင်းကုန်စည်များ အတွက် ဝင်ငွေနှစ်အတွင်း ကြိုတင်ခွန်ကောက်ခံရမည့်နှုန်းထားနှင့် နည်းလမ်းများကို အမိန့်ကြော်ငြာစာ အမှတ် ၃၈ / ၂၀၁၉ ဖြင့် ထုတ်ပြန်ထားသည်။ ပို့ကုန်ကို ကျပ်ငွေဖြင့်တင်ပို့ခြင်းဖြစ်ပါက တင်ပို့သည့် ကုန်စည်တန်ဖိုး၏ နှစ်ရာခိုင်နှုန်းကိုလည်းကောင်း၊ နိုင်ငံခြား ငွေဖြင့် တင်ပို့ခြင်းဖြစ်ပါက တင်ပို့သည့်ကုန်စည်တန်ဖိုးကို တင်ပို့သည့်နေ့ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကသတ်မှတ်သော နိုင်ငံခြားငွေလဲလှယ်နှုန်းဖြင့် တွက်ချက်၍ရရှိသောပို့ကုန်တန်ဖိုး၏ နှစ်ရာခိုင်နှုန်းကိုလည်းကောင်း၊ ဝင်ငွေနှစ်အတွင်း ကြိုတင်ခွန်အဖြစ် ကျပ်ငွေဖြင့် ကောက်ခံရမည်ဖြစ်သည်။ သွင်းကုန်အပေါ် အကောက်ခွန်စည်းကြပ်တန်ဖိုး၏ နှစ်ရာခိုင်နှုန်းကို ဝင်ငွေနှစ်အတွင်း ကြိုတင်ခွန်အဖြစ် ကျပ်ငွေဖြင့်ကောက်ခံရမည်ဖြစ်သည်။

**Source:** https://news-eleven.com/article/108580

## ယာဉ်လုပ်ငန်းဆိုင်ရာမူဝါဒတွင် ပြည်ပဈေးကွက်သို့ ပြန်လည်တင်ပို့နိုင်ရေး မျှော်မှန်းချက်ပါဝင်



လာမည့် ၁၅ နှစ်အတွင်း နိုင်ငံ့လူဦးရေ ၂၀ ရာခိုင်နှုန်း ကားပိုင်ဆိုင်၍ ပြည်ပဈေးကွက်သို့ ပြန်လည်တင်ပို့နိုင်မည်ဟု မျှော်မှန်းရေးဆွဲထားသည့် ယာဉ်လုပ်ငန်းဆိုင်ရာ မူဝါဒကို ၂၀၁၉ မေလ ၁၄ ရက်တွင် စက်မှု ဝန်ကြီးဌာနက ထုတ်ပြန်သည်။ ယာဉ်လုပ်ငန်းဆိုင်ရာ မူဝါဒကို ယာဉ်နှင့် အစိတ်အပိုင်းများ တင်သွင်းခြင်း၊ တပ်ဆင်ခြင်း၊ ရောင်းချခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ စနစ်တကျ တိုးတက်စေရေးနှင့် စီးပွားရေးမဏ္ဍိုင်ကြီးတစ်ခုဖြစ်လာစေရန် ရည်ရွယ်၍ ထုတ်ပြန်သည်ဟုဆိုသည်။

၂၀၁၅ တွင် ပြည်တွင်း၌ ကားအစီးရေ ခုနစ်သိန်း ကျော်ရှိပြီး လူ ၁,၀၀၀ လျှင် ၁၄ စီးရှိသည်။ ၂၀၁၆ တွင် လူ ၁,၀၀၀ လျှင် ၁၅ စီးအထိ တိုးတက်လာသည်။ ထိုယာဉ်အများစုသည် ရန်ကုန်တိုင်းအတွင်းဖြစ်၍ ယာဉ်ပိုင်ဆိုင် မှု ၆၆ ရာခိုင်နှုန်းရှိသည်။ အဆိုပါ မူဝါဒ၌ ပထမငါးနှစ်တွင် ကားပိုင်ဆိုင်မှုသည် နိုင်ငံ့လူဦးရေ၏ ၄ ရာခိုင်နှုန်းရှိပြီး နိုင်ငံအတွင်း ကားအစီးရေ နှစ်သန်းကျော်ရှိလာမည်ဟု ဆိုသည်။ ထိုမျှော်မှန်းချက်အရ လာမည့် ၁၅ နှစ်အတွင်း ကားပိုင်ဆိုင်မှုသည် နိုင်ငံ့လူဦးရေ၏ ၂၀ ရာခိုင်နှုန်းရှိပြီး နိုင်ငံအတွင်းကားပိုင်ဆိုင်မှု ၁၀ သန်းအထိ ရှိလာမည်ဖြစ်သည်။ ထိုကာလတွင် ကားအသစ်ရောင်းချမှုသည် ၁ ဒသမ ၂ သန်း ရှိလာစေရမည်ဟု မူဝါဒ၌ မျှော်မှန်းထားသည်။ လက်ရှိတွင် ကား ၁၇၅ စီးတွင် အသစ်တစ်စီးသာ ရှိသည်ဟုဆိုသည်။

အဆိုပါမူဝါဒတွင် အပိုင်းသုံးပိုင်းပါဝင်ပြီး ပထမငါးနှစ်၌ နိုင်ငံတွင်းကားပိုင်ဆိုင်မှုသည် လူဦးရေ၏ ၄ ရာခိုင်နှုန်းရှိရမည်ဖြစ်ပြီး တစ်စိတ်တစ်ပိုင်းတပ်ဆင်သည့် SKD စနစ်ကို အကောင်အထည်ဖော်ရန်ဖြစ်သည်။ အတည်ပြုလက်မှတ် CoA ဖြင့် ကနဦး ကားအစီး ၁၀၀ ကို ထိန်းချုပ်မည်ဟုဆိုသည်။ ဒုတိယငါးနှစ် SKD စနစ်မှ အပြည့်အဝတပ်ဆင်သည့် CKD စနစ်ကို ကူးပြောင်းရန်ဖြစ်သည်။ ဈေးကွက်အရ အထူးလုပ်ငန်းသုံးယာဉ်များ ထုတ်လုပ်ရန်ဖြစ်ပြီး အစားထိုးလောင်စာ အသုံးပြုယာဉ်များနှင့် လျှပ်စစ်ကားများ ဖွံ့ဖြိုးလာစေရန်ဖြစ်သည်။ တတိယမြောက် ငါးနှစ်တွင် နိုင်ငံအတွင်း လူဦးရေ ၂၀ ရာခိုင်နှုန်းသည် ကားပိုင်စေရမည်ဖြစ်ပြီး ပြည်တွင်း ဈေးကွက်အတွက် ထုတ်လုပ်မည့် ယာဉ်အစိတ်အပိုင်းများ ရွေးချယ်ဆုံးဖြတ်ရန်နှင့် ပြည်ပဈေးကွက်သို့လည်း တဖြည်းဖြည်း ချဲ့ထွင်ရန်ဖြစ်သည်။ ကားအဟောင်းဈေးကွက် အလွန်ကျဉ်းမြောင်းပြီး ကားဟောင်းတင်သွင်းမှု ကို ချုပ်ငြိမ်းစေရမည်ဟု ဆိုသည်။

အာဆီယံဒေသမှာ ကားထုတ်လုပ်တဲ့ လုပ်ငန်းတွေများနေပြီ။ အခုမှ ဈေးကွက်ထယဉ်ဖို့ မလွယ်ဘူး။ မြန်မာမှာ ကားထုတ်တဲ့ ဈေးကွက်ဖြစ်စေချင်ရင်တော့ အရင်ဆုံး ကားအပိုပစ္စည်းတွေထုတ်တဲ့ ဈေးကွက်အရင်ဖော်ပြီး ကားထုတ်တဲ့ ဈေးကွက်ကို ဖော်သင့်တယ်”ဟု ဂျပန်ကားထုတ်လုပ်ရေးလုပ်ငန်းတစ်ခုမှ မန်နေဂျာတစ်ဦးက ပြောသည်။ ၂၀၁၅ တွင် အမျိုးသား မော်တော်ယာဉ်မူဝါဒရေးရာအဖွဲ့ကို ဖွဲ့စည်းကာ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ အင်ဂျင်နီယာကောင်စီ၊ ကုန်သည်စက်မှုအသင်းချုပ်တို့နှင့် အဆိုပါမူဝါဒကို ရေးဆွဲခြင်းဖြစ်သည်။ ရေရှည် တည်တံ့ခိုင်မြဲသည့် မော်တော်ယာဉ်မူဝါဒ ပေါ်ပေါက်လာစေရန်၊ မော်တော်ယာဉ်ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း စသည့်လုပ်ငန်းများ တိုးတက်လာစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းပေါ်များ၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်ရန်နှင့် နိုင်ငံတကာဈေးကွက်နှင့် ချိတ်ဆက်သည့် မော်တော် ယာဉ် စက်မှုကဏ္ဍထူထောင်ရန်ဖြစ်သည်။ ဒီမှာ ကားထုတ်ဖို့က အောင်မြင်ခြင်း၊ မအောင်မြင်ခြင်းက အစိုးရ မူဝါဒပေါ်မှာပဲ မူတည်တယ်။ သမားရိုးကျအတိုင်း သွားမယ်ဆိုရင် ဘေးအိမ်နီးချင်းနိုင်ငံတွေကို မမီနိုင်ဘူး။ နည်းပညာ အကူအညီနဲ့ဆိုရင် ဖြစ်လာနိုင်တယ်။ ဈေးကွက်သဘောအရ မြင့်ရာကနေ နိမ့်ရာစီးဆင်းတတ်တော့ မူဝါဒကောင်းရင်လည်း တခြား ဈေးကွက်က ပြည်တွင်းကို လျှော့လာနိုင်တယ်ဟု Capital ကားအရောင်းပြခန်းပိုင်ရှင် ဦးခင်ထွန်းကပြောသည်။ ထို့အပြင် မြန်မာနိုင်ငံတွင် မော်တော်ယာဉ် ထုတ်လုပ်မှုသည် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံး၊ စွမ်းအင်ခြိုးခြံချွေတာသော စက်မှုလုပ်ငန်းနှင့် ဘေးအန္တရာယ်ကင်းရှင်း၍ လုံခြုံစိတ်ချရစေခြင်းတို့ဖြစ်စေရမည်ဟု အဆိုပါမူဝါဒ၌ ထည့်သွင်းထားသည်။

**Source:** http://www.7daydaily.com/story/156248

## ပြည်တွင်းကုမ္ပဏီများမှ ဝယ်ယူမှုကြောင့် သရက်ဈေးကောင်းနေပြီး တရုတ်ဈေးကွက်တွင်လည်း ဈေးအမြင့်ပိုင်းတွင်ရှိနေ

ပြည်ပနိုင်ငံများသို့ တင်ပို့ရန် ပြည်တွင်းကုမ္ပဏီများက ဝယ်ယူကြသဖြင့် သရက်သီး ဈေးများ ကောင်းနေသည့်အပြင် တရုတ်နိုင်ငံသို့ပို့သည့် မူဆယ်ဈေးကွက်တွင်လည်း မြန်မာ့သရက်ဈေးမှာ အမြင့်ပိုင်းတွင်ရှိနေကြောင်း သရက်သီး တင်ပို့ရောင်းချသူများထံမှသိရသည်။ ပြည်တွင်းမှ သရက်သီးတင်ပို့သည့် ကုမ္ပဏီများမှ မေလဆန်းပိုင်းက စတင်ကာ ဝယ်ယူလာကြသောကြောင့် ပြည်တွင်းသရက်ဈေးမှာ ယခင်နှစ်ထက် ဈေးပိုရနေကြောင်း မြန်မာ့သရက် ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း အတွင်းရေးမှူး ဦးကျော်စိုးနိုင်ကပြောသည်။ ဒီနှစ်တော့ ဈေးကွက် ကောင်းနေပါတယ်။ ပြည်တွင်းဈေးကွက်မှာလည်း ရန်ကုန်ဈေးကွက် အဝယ်လိုက်တယ်။ တစ်ဖာကို ကျပ် ၂၀၀၀၀ကျော် ဈေးရနေပါတယ်။ တရုတ်ဈေးကွက်ပို့တာနဲ့ အကျိုးအမြတ်က သိပ်မကွာပါဘူး ၄င်းကပြောသည်။

မူဆယ်ဈေးကွက်သို့ တင်ပို့ရာတွင် ဈေးကောင်းရရှိနေသော်လည်း အိတ်စွပ် အသီးများ သာ ဈေးကောင်းရရှိနေပြီး တစ်ဖာချင်းတင်ပို့စရိတ်နှင့် ပွဲခပေး ဆောင်ရခြင်းကြောင့် ကုန်ကျစရိတ် ၈၀၀၀မှ ၁၀၀၀၀ကျပ်ရှိသဖြင့် လက်ရှိ ပေါက်ဈေး တစ်ဖာလျှင် ၁၄၀မှ ၁၅၀ယွမ်ဈေးမှာ တောင်သူအတွက် အသားတင် ကျပ်၂၀၀၀၀ ကျော်သာ ကျန်ရှိကြောင်း သိရသည်။ ယခုနှစ်မေလဆန်းမှ စတင်ကာ ဒေသအလိုက် သရက်ထွက်ရှိလာပြီး စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းနှင့် မတ္တရာမြို့နယ်၊ ကျောက်ဆည်၊ စဥ့်ကိုင် ၊ တံတားဦးမြို့နယ်တို့မှ စိန်တလုံး ၊ ဟသ်ာ၊ ရင်ကွဲ၊ မယ်သီသရက်များ အများဆုံးထွက်ရှိတင်ပို့လျက်ရှိကြောင်း သရက်စိုက်တောင်သူများထံမှသိရသည်။

ပြည်တွင်းသရက်ဈေးကွက်တွင်လည်း စနစ်တကျထုပ်ပိုးသည့် သရက်သီးများမှာ ပွဲခ ၁၀ခိုင်နှုန်းနှင့် မန္တလေး ဈေးကွက်တွင် သရက်သီးအပိုပေးရသော်လည်း ပွဲရုံပေါက်ဈေး ၊ ကုမ္ပဏီပေါက်ဈေးများဖြင့် အရည်အသွေးပေါ် မူတည်ကာ ဈေးကောင်းရကြောင်းသိရသည်။ သရက်သီးအများဆုံးထွက်ရှိသည့် မန္တလေးတိုင်းဒေသကြီးအတွင်း ရာသီဉတုကြောင့် အသီးထွက်နှုန်းနည်းပါးသော်လည်း ကျန်ရှိသည့်အသီးများမှာ အရည်အသွေးကောင်းအသီးများသာ ဖြစ်သောကြောင့် ဈေးကောင်းရနေခြင်းဖြစ်သည်။

**Source:** https://www.facebook.com/myanmaawba/?ref=page_internal

## မြန်မာ့သနပ်ခါးကို ကိုရီးယားအလှကုန်လုပ်ငန်းရှင်များ အဆင့်မြင့်အလှကုန်ထုတ်လုပ်လို

မြန်မာ့သဘာဂသနပ်ခါးကိုဂယ်ယူ၍ အဆင့်မြင့်အလှကုန်အဖြစ် ထုတ်လုပ်ရန်အတွက် ကိုရီးယား အလှကုန် လုပ်ငန်းရှင်များမှ စိတ်ဂင်စားနေကြောင်း ကုန်သည်စက်မှုအသင်းချုပ်မှသိရသည်။ မေလ ၁၆ ရက်က ကိုရီးယားနိုင်ငံ ဘူဆန် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ အလှကုန်လုပ်ငန်းရှင် (၁၂)ဦး ပါဂင်သော အဖွဲ့မှ ကုန်သည်စက်မှုအသင်းချုပ်သို့လာရောက်ကာ မြန်မာနိုင်ငံတွင် အလှကုန်လုပ်ငန်းနှင့်ပတ်သက်၍ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရန်အတွက် မြန်မာလုပ်ငန်းရှင်များနှင့် တွေ့ဆုံခဲ့စဉ်က ပြောကြားခဲ့ခြင်းဖြစ်သည်။

ကိုရီးယားအလှကုန်လုပ်ငန်းရှင်အချို့မှ မြန်မာ့သဘာဝသနပ်ခါးကိုဝယ်ယူ၍ ကိုရီးယားသို့တင်သွင်းရန်နှင့် အဆင့်မြင့် အလှကုန်အဖြစ် ထုတ်လုပ်ရန်အတွက်လည်း စိတ်ဝင်စားကြောင်းပြောကြားခဲ့ခြင်းဖြစ်သည်။ အဆိုပါ ကိုရီးယား အလှကုန်လုပ်ငန်းရှင်များသည် မြန်မာနိုင်ငံ၌ ကိုရီးယားအလှကုန်များကို စိတ်ဂင်စားမှုမြင့်တက်နေသည်ဟု ကြားသိ ရကြောင်းနှင့် မြန်မာလုပ်ငန်းရှင်များနှင့် ချိတ်ဆက်ကာ စီးပွားပူးပေါင်းဆောင်ရွက်လို၍ လာရောက်ခြင်းဖြစ်သည်။ လက်ရှိ ကိုရီးယားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံတွင် နှစ်စဉ် ရင်းနှီးမြှုပ်နှံမှုအဆင့်၌ (၄၉) နိုင်ငံတွင် နံပါတ် (၆) အဆင့်တွင်ရှိနေပြီး ရင်းနှီးမြှုပ်နှံမှုပမာဏသည် ၂၀၁၉ မတ်လအထိ အမေရိကန် ဒေါ်လာ (၃ ဒသမ ၉၅၃)ဘီလီယံရှိကြောင်းသိရသည်။

**Source:** http://betvmyanmar.com/my/news/%E1%80%BB%E1%80%99%E1%80%94%E1%80%B9%

## ပြည်ပရင်းနှီးမြှုပ်နှံသူများက တန်ဖိုးမြင့် နာနတ်သီးထုတ်ကုန်ထုတ်လုပ်ဖို့ စိတ်ဝင်စား

နာနတ်သီးမှ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်ရန် နိုင်ငံခြားမှရင်းနှီးမြှုပ်နှံသူများ စိတ်ဝင်စားလျက်ရှိပြီး လာရောက် ဆက်သွယ်မှုများရှိကြောင်း မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချ သူများအသင်းဥက္ကဌ ဦးစိုးသန်းမင်းဒင်ရဲ့ ပြောပြချက်အရသိရပါတယ်။ ပြည်တွင်းမှ နာနတ်သီးစိုက်ပျိုးထွက်ရှိမှု လုံလောက်တဲ့အပြင် ပြည်တွင်းပြည်ပဈေးကွက်များအတွင်း လိုအပ်များပြားလာတဲ့အတွက် နောက်ပိုင်းမှာ စက်မှု ကုန်ကြမ်းသီးနှံအဖြစ်လည်း ဆောင်ရွက်သွားမယ်လို့ သိရပါတယ်။

နာနတ်သီးကနေ တန်ဖိုးမြင့်ထုတ်ကုန်ထုတ်လုပ်ဖို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေ စိတ်ဝင်တစားလာရောက်မေးမြန်းကြပါတယ်။ ပြည်တွင်းမှာတော့ နာနတ်သီးက စိုက်ပျိုးမှု အထွက်ကောင်းပြီး လုံလောက်တဲ့အခြေအနေရှိတော့ အဆင်ပြေတယ်လို့ ဦးစိုးသန်းမင်းဒင်ကပြောပါတယ်။ လက်ရှိ ပြည်တွင်းမှ ထွက်ရှိတဲ့ နာနတ်သီးကို တရုတ်နိုင်ငံဆီ အလုံးလိုက်တင်ပို့နေပြီး နောက်ပိုင်းမှာ နာနတ်သီး Juice အဖြစ် တင်ပို့နိုင်ဖို့ ရည်မှန်းထားပါတယ်။

ပြည်ပဈေးကွက်အလားအလာရှိတဲ့ သီးနှံတွေကို မြန်မာ့သစ်သီးဝလံနဲ့ သက်ဆိုင်တဲ့ စံချိန်စံညွှန်းများအဖြစ် ရေးဆွဲဖို့ စီစဉ်နေတဲ့အပြင် သစ်သီးဝလံ ၄၃ ခုကို စံချိန်စံညွှန်းရေးဆွဲခဲ့ပြီးဖြစ်ကာ နာနတ်သီးနှံကို ဆက်လက်ရေးဆွဲဖို့ စတင်နေပါတယ်။ ရေးဆွဲတဲ့အခါမှာ နိုင်ငံတကာစံချိန်စံညွှန်းအတွင်းမှ မြန်မာနိုင်ငံနဲ့ ကိုက်ညီတာတွေကို ထည့်သွင်းရေးဆွဲထားခြင်းဖြစ်ကြောင်း၊ နာနတ်သီးနှံကို စံချိန်စံညွှန်းရေးဆွဲပြီးပါက ပြည်ပပို့ကုန်အဖြစ် တင်ပို့ရာတွင် ပိုမိုလွယ်ကူမှာဖြစ်တယ်လို့ သိရပါတယ်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/1971-pineapple-product.html

## ပျားရည်ဈေးကွက်အတွင်း ဈေးနှုန်းများတိုးမြင့်ရရှိလာ

ယခုအခါ ပျားရည်ဈေးကွက်အတွင်း ဈေးနှုန်းများ တိုးမြင့်ရရှိလာပြီး ဈေးကွက်အလားအလာကောင်းများ ရှိလာကြောင်း မြန်မာနိုင်ငံပျားမွေးမြူရေးအသင်းဥက္ကဋ္ဌ ဦးအောင်ခိုင်နွေး၏ ပြောပြချက်အရသိရသည်။ ပြီးခဲ့တဲ့ငါးနှစ်နဲ့ နှိုင်းယှဉ်ကြည့်ရင် ဈေးကသိသိသာသာ မြင့်တက်လာပါတယ်။ မနှစ်ကနဲ့ ဒီနှစ်က ပျားရည်ဈေးမတူဘူးဟု ဦးအောင်ခိုင်နွေးကပြောသည်။



ပျားရည်ဈေးနှုန်းများသည် ပြီးခဲ့သည့် ငါးနှစ်ခန့်က တစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀ မှ ၂၀၀၀ ကြားရှိရာမှ ၂၀၁၈ ခုနှစ်အတွင်း တစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀ မှ ၃၀၀၀ အထိ မြင့်တက်လာပြီး ၂၀၁၉ ခုနှစ်တွင် တစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀ မှ ၃၇၀၀ အထိ ဈေးနှုန်း ရရှိလာကာ ဈေးကွက်အခွင့်အလမ်းကောင်းများလည်း ရရှိလာသည်။

သို့ရာတွင် ထုတ်လုပ်မှုတိုးလာသော အခြေအနေမျိုး မရှိသေးသဖြင့် အသင်းကစီမံချက်များ ရေးဆွဲကာ ဆောင်ရွက် လျက်ရှိကြောင်း သိရသည်။ နိုင်ငံတကာဈေးကွက်မှာ ဈေးကွက်ဝေစုရရှိအောင် ဆောင်ရွက်နေသလို ထုတ်လုပ်မှု တိုးတက်လာအောင်လည်း ဆောင်ရွက်နေပါတယ်။။ ထုတ်လုပ်မှုတိုးတက်ဖို့ လုပ်ဆောင်နေတဲ့အပိုင်းမှာဆိုရင် သင်တန်းပေးတာတွေ လုပ်ဆောင်နေတဲ့အပြင် စမ်းသပ်စခန်းတွေဖွင့်ပြီး အရည်အသွေး ကောင်းမွန်စေရေးအတွက်ပါ ကြိုးပမ်းဆောင်ရွက်နေပါတယ်ဟု ဦးအောင်ခိုင်နွေးကပြောသည်။ မြန်မာနိုင်ငံ၏ ပျားရည်ထုတ်လုပ်မှုသည် တစ်နှစ်လျှင် တန်ချိန်ပေါင်း ၄၀၀၀ မှ ၄၅၀၀ ခန့် ထုတ်လုပ်လျက်ရှိကြောင်းသိရသည်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/1973-honey-market.html

## Thura News Views

***Ministry promises 'no power cuts' in 2020***

The Ministry of Electricity and Energy (MOEE) has said that measures are being taken to ensure that there are no power cuts during the summer of 2020. According to an article in the Myanmar Times, U Tin Maung Oo, permanent secretary of MOEE, said that the ministry will seek an additional supply of electricity powered through liquefied natural gas (LNG) next year. The power will be delivered on floating power barges in port towns such as Thilawa on the outskirts of Yangon, Kyaukphyu in Rakhine

State, and Pathein in Ayeyarwady Region, ac-cording to an article in the Myanmar Times. Power consumption is growing by about 580 MW per year, up from estimates of 400 MW. This leads to frequent blackouts, particularly in Yangon. A lack of reliable power is often cited by businesses as one of the major challenges of operating a business in Myanmar.

***New Automotive Policy aimed to boost industry***

A new automotive policy is to be implemented by the Ministry of Industry later this month, as part of plans to boost the growing sector. According to a Myanmar Times article, the government will promote the use of left-hand drives in order to improve road safety under the regulations. Despite measures aimed at tackling the issue, most cars in Myanmar are still right-hand drives, with cars also driving on the right-hand side of the road. Tax incentives are also to be offered to car makers that assemble locally, the article said. The number of cars on Myanmar's roads has spiked considerably since the government liberalized the sector in 2012. There were an estimated 721,324 vehicles in the country in 2016, with that figure expected to increase to two million by 2020, according to the Myanmar Times report.

***New Visa Card launched by CB***

Global payments firm Visa has reached an agreement with Telenor Myanmar and CB Bank to provide a Visa Card to CB Bank customers. According to a report in the Myanmar Times, the move came after the Central Bank of Myanmar raised annual credit card interest rates from 13 percent to 20 percent last month. "This new initiative will serve as a catalyst towards creating a cashless society and promote financial inclusion in Myanmar, as more people will have access to finance and credit," said U Kyaw Lynn, chief executive officer of CB Bank. The new credit card will feature Visa's contact-less payment technology. The aim is to move Myanmar towards a less-cash society, said Lilian Wang, country manager for Visa Myanmar. The article said that there are currently about 500,000 and 600,000 credit card holders in Myanmar.

***Thailand's Centara to enter Myanmar hotel industry***

Thai-based hotel operator Centara Hotels & Resorts and KMA Hotels Group, signed an agreement to develop and renovate six hotels in Myanmar yesterday. Under the agreement, the three existing KMA hotels in Inle, Naypyitaw and Taungoo will undergo refurbishment prior to reopening. Three new hotels will be developed including Centara Bagan River View Resort & Spa, Kaytumadi Dynasty Bagan Resort and Shwe Than Daung Resort. All six hotels will operate under the Centara and Centara Boutique Collection brands. Construction work is expected to commence this year, with the Centara Paradise Inle Lake Resort & Spa scheduled to open in the fourth quarter of this year. Thirayuth Chirathivat, Centara's CEO said "Our partnership with KMA Hotels gives us the opportunity to establish a significant presence for Centara in a country with huge potential for tourism development. We are looking forward to contributing to Myanmar's development while providing travellers with more options to enjoy our Thai-inspired, international standard of hospitality across a variety of destinations".

**Source: Thura Swiss News (Issue 365 May 16, 2019)**

TIR

# STOCK EXCHANGE (17.5.19)

YANGON
STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 17th May. 2019

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,500 | +0 | +0.00% | 11,000 | 11,000 | 10,500 | 2,205 | 24,242,000 | 27,112,747 | 284,684 |
| MTSH | 00002 | 3,100 | +50 | +1.64% | 3,100 | 3,100 | 3,100 | 2,408 | 7,464,800 | 38,929,150 | 120,680 |
| MCB | 00003 | 7,300 | +0 | +0.00% | 7,300 | 7,300 | 7,300 | 0 | 0 | 10,400,986 | 75,927 |
| FPB | 00004 | 21,500 | +1,500 | +7.50% | 22,000 | 22,000 | 21,500 | 265 | 5,829,500 | 2,472,053 | 53,149 |
| TMH | 00005 | 2,950 | -50 | -1.67% | 2,950 | 3,000 | 2,950 | 3,462 | 10,213,050 | 12,212,906 | 36,028 |

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 417.85 | +3.69 | +0.89% | 428.69 | 429.14 | 417.85 | 8,340 | 47,749,350 | 5 | 570,468 |


### Index chart




## Market Overview

As of 1:00 pm, 17th May. 2019

| MYANPIX | 417.85 ▲ 3.69 |
|---|---|
| Total Volume (shares) | 8,340 |
| Total Value (MMK) | 48 mil |
| Listed Company | 5 |
| Market Cap. (MMK) | 570,468 mil |




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,500 | ▲ 0 |
| MTSH | 00002 | 3,100 | ▲ 50 |
| MCB | 00003 | 7,300 | ▲ 0 |
| FPB | 00004 | 21,500 | ▲ 1,500 |
| TMH | 00005 | 2,950 | ▼ 50 |